# ၁၉၅၆ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂ နောက်တွင် အောက်ပါကို ပုဒ်မ ၂-က အဖြစ်ထည့်သွင်းရမည်။

ခွင့်ပြုချက်မရရှိဘဲ၊ တဆင့် ငှါးရမ်းခြင်း၊ လွှဲပြောင်းခြင်း စသည်တို့ကို မပြုလုပ်ရခြင်း။

" ၂-က။ ။အစိုးရအိမ်ဥပစာတခုခုတွင် နေထိုင်ခွင့်ရသူသည်၊—

(က) အစိုးရ၊ သို့မဟုတ်အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ၊ အဆိုပါအိမ်ဥပစာတခုလုံးကိုသော်၎င်း၊ တစိတ် တပိုင်းကိုသော်၎င်း၊ တဆင့်ငှါးရမ်းခြင်းမပြုလုပ်ရ။

(ခ) အဘိုးစားနားဖြင့်ဖြစ်စေ၊ အဘိုးစားနား မပါဘဲဖြစ်စေ၊ လွှဲပြောင်းခြင်းမပြုလုပ်ရ။

(ဂ) အခွင့်ရအာဏာပိုင်အား စာဖြင့်ကြိုတင် အကြောင်းကြားရန် ပျက်ကွက်လျက် အဆိုပါ အိမ်ဥပစာမှ ထွက်ခွာသွားခြင်း မပြုလုပ်ရ။

(ဃ) အဆိုပါအိမ်ဥပစာကို အခွင့်ရအာဏာပိုင်အား ပြန်လည်အပ်နှံရန်ပျက်ကွက်လျက် ထွက်ခွာသွားခြင်းမပြုလုပ်ရ။"

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၉ အစား၊အောက်ပါကို ပုဒ်မ ၉ အဖြစ်ထည့်သွင်းရမည်။

ပြစ်ဒဏ်။

" ၉။ ။(၁) မည်သူမဆို၊ဤအက်ဥပဒေပါပြဋ္ဌာန်းချက်တခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေတခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ထုတ်ဆင့်ချမှတ်သော အမိန့်ကိုဖြစ်စေ၊ ဆန့်ကျင်လျှင်၊ သို့မဟုတ် ဤအက်ဥပဒေဖြင့် အပ်နှင်းထားသည့် အာ

ဏာတရပ်ရပ်ကို၊ တရားဥပဒေနှင့်အညီ သုံးစွဲခြင်းကို တားဆီးလျှင်၊ သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ကျပ်တထောင်ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

(၂) အစိုးရက၊ ဤကိစ္စအလို့ငှါ အမိန့်ကြော်ငြာစာဖြင့် အာဏာအပ်နှင်းထားသည့်အရာရှိ၏ ကြိုတင်အခွင့်အမိန့်မရှိဘဲ၊ မည်သည့်တရားရုံးမှာမျှ၊ ပုဒ်မခွဲ (၁) အရ ဖြစ်သောပြစ်မှုကို အရေးယူပိုင်ခွင့်မရှိစေရ။''